## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်း ရာထူး (၂၀) နေရာများအတွက် ယှဉ်တွဲပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကျား/ မ<br>၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကျား/မ<br>၂ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာပညာရပ်ဆိုင်ရာ အောင်လက်မှတ်ရရှိသူ |
| (ဂ) | ယာဉ်မောင်း-၅<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ကျား<br>၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိပြီး (ခ) အဆင့် ယာဉ်မောင်းလိုင်စင်ရှိသူ၊ ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနိုင်သူ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃- ၁၁- ၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ် နှင့် အသက်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) အိမ်ထောင် ရှိ/ မရှိ



(င) လျှောက်ထားလိုသည့်ရာထူး

(စ) ပညာအရည်အချင်း

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ

(ဇ) ဝန်ထမ်းဖြစ်လျှင် ရာထူးနှင့် ဌာနအမည်

(ဈ) ဆက်သွယ်ရန်လိပ်စာ၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) (၁) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရမည်)

(ခ) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း ထောက်ခံချက်မူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း

(ဆ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်

(ဇ) ယာဉ်မောင်း-၅ ရာထူးနေရာတွင် လျှောက်ထားသူများသည် (ခ) အဆင့်ယာဉ်မောင်း လိုင်စင်မိတ္တူ

၅။ အငယ်တန်းစာရေးရာထူးနေရာအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်တို့ပါဝင်သည့် ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာအတွက် ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ (လက်တွေ့) စာမေးပွဲကိုလည်းကောင်း၊ ယာဉ်မောင်း-၅ ရာထူးနေရာအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာရေးဖြေစာမေးပွဲနှင့် ယာဉ်မောင်းလက်တွေ့စစ်ဆေးခြင်းကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်းတို့ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာအား လျှောက်ထားသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ် (၅၄)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ၃- ၁၁- ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဝန်ထမ်းရေးရာဌာနခွဲ (ဖုန်း ၀၉-၄၄၉၃၃၃၃၀၀၊ ၀၉-၈၇၇၅၈၅၅၉၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။